၁။ အငှားချထားသူသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၅၁၁-ခ)နှင့် (၅၁၉-က)၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇) ၊ မြေကွက်အမှတ်(၂၄၊၂၅)၊ အထူးဇုန်(၃)၊ ဧရိယာ(၂)ယူနစ်၊ (၁၀)ကေရှိသော မြေကွက်(ဇယား(က)တွင် ပိုမိုအသေးစိတ်ဖော်ပြထားပြီး ဇယား(က)တွင် နောက်ဆက်တွဲ(၁)အဖြစ် မြေပုံအား ပူးတွဲတင်ပြထားသည့် နောင်တွင် မြေဟုခေါ်ဆိုမည်)နှင့်စပ်လျဉ်းသော ၂၀၁၃- ခုနှစ်၊ မေလ၊ (၉)ရက်နေ့ရက်စွဲပါ အထူးဇုန်ကြီးကြပ်မှု ဗဟိုကော်မတီမှ မွေးမြူရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာများကို အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းစွာ ကိုင်ဆောင်ထားသူဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

2. WHEREAS the Land, being a permit land was licened to the Lessor on ( ), , or the purpose of Livestock use and a term of 3 years, commencing from / / 20 viz , till / /20 , is granted as per the permit to the Lessor to complete the construction of the factory, post completion of which the Lessor has the right to apply relevant Department for grant of unlimited land use right (the "Permitted Use").

၂။ အငှားချထားသူအား အထူးဇုန်ကြီးကြပ်မှုဗဟိုကော်မတီမှ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာကို - ခုနှစ်၊ လ၊ ( ) ရက်နေ့မှ စတင်၍ -ခုနှစ်၊ လ၊ ( )ရက်နေ့ အထိ ( ) နှစ်အတွင်း လုပ်ငန်းအဆောက်အအုံ ဆောက်လုပ်ခွင့်ပြုထားပြီး ၎င်းကာလ ကုန်ဆုံးသောအခါ အမြဲတမ်းဆက်လက်အသုံးပြုခွင့်ရရှိရန် မြေငှားစာချုပ်လျှောက်ထားခွင့်ရှိသည့် ရည်ရွယ်ချက်ဖြင့် (နောင်တွင်ခွင့်ပြုထားသော မြေအသုံးချမှုဟု ခေါ်ဆိုမည်) သုံးစွဲခွင့်ပြုထားပါသည်။

3. WHEREAS the Lessee has approached the Lessor for grant of land right in its favour by way of lease over the Land for a period of 50 (fifty) years from the date of signing of the Lease Deed, for the purpose of the Lessee establishing theron (on the Land) a factory for production of chicken hatchery and purposes ancillary thereto (the "Project")

၃။ အငှားချထားခြင်းခံရသူသည်အဆိုပါမြေအား မြေငှားရမ်းစာချုပ်ချုပ်ဆိုသည့်နေ့မှ စတင်သောနှစ်(၅၀) ကာလအတွက် အဆိုပါမြေပေါ်တွင် ကြက်သားပေါက်မွေးမြူရေးလုပ်ရန်နှင့် ၎င်းလုပ်ငန်းအားလိုအပ်သော အထောက်အကူများ တည်ဆောက်ရန် (နောင်တွင်စီမံကိန်းဟုခေါ်ဆိုမည်) ရည်ရွယ်လျက် ငှားရမ်းရန် အငှားချထားသူအား အဆိုပြုခဲ့သည်။

4. WHEREAS upon the request of the Lessee the Lessor has agreed to grant the Lessee, subject to the terms and conditions hereinafter specified a lease of the land for a term of 50-years commencing from fulfilment of Conditions Precedent (As defined herinafter),till 50-years,(the "Lease Period"), for the purpose of the Project and whereas the Lessee has granted to take the lease on the terms as conditions hereinafter mentioned.

၄။ အငှားချထားခြင်းခံရသူ၏တောင်းဆိုချက်အရ အငှားချထားသူသည်နောက်တွင်ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံကိန်းအတွက် အောက်တွင်ဖော်ပြထားသော ကြိုတင်စည်းကမ်း သတ်မှတ်ချက်များအား လိုက်နာပြီးချိန်မှစ၍ နှစ်ပေါင်း(၅၀)အထိ သက်တမ်းကာလ (နောင်တွင် ငှားရမ်းသည့် သက်တမ်းကာလ ဟုခေါ်ဆိုမည်) အတွက်မြေကို အငှားချထားခြင်းခံရသူအား ငှားရမ်းရန် သဘောတူပြီး အငှားချထားခြင်းခံရသူကလည်း မြေအား ငှားရမ်းရန် သဘောတူပါသည်။

NOW, THEREFORE, in consideration of the foreging and other good and valid consideration, the receipt and adequacy of which are hereby expressly acknowledged, the Lessor and the Lessee hereby agree the following and this deed witnessth as follows:

သို့ဖြစ်ပါ၍ ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သော အပြန်အလှန်ကတိပြုချက်များနှင့် အခြားကောင်းမွန်၍ အကျုံးဝင် သော အပြန်အလှန်ကတိပြုချက်များအား ထည့်သွင်းစဉ်းစားလျက် ဤကတိစာချုပ်တွင်ဖော်ပြထားသော အချက်အလက်များအား သိရှိပြီးဖြစ်ကာ အောက်ပါအတိုင်း အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့ သဘောတူညီကြပြီး ဤကတိစာချုပ်အား သက်သေခံစာချုပ်အဖြစ် အောက်ပါအတိုင်း သဘောတူ ချုပ်ဆိုခဲ့ကြပါသည်။

Article 1. GENERAL SCOPE

1.1 This Lease Deed is entered into under the condition and assumption that the Land, at the time of the lease coming into force and the Annual Rental Fees as described hereafter in Clause 1.2 becoming due, is suitable for the Lessee to intiate the Project. Notwithstanding the terms of the Lease Deed, the following terms shall be the condi-

tions precedents to terms hereof and the Lease Deed shall be cancelled in case any other the following conditions are not met:

1.1.1 The Lessee, with assistance on best effort basis from the Lessor, will have obtains the confirmation from the revelant authorities that the Land may be leased to the Lessee and increase this condition is not achievely by the Parties, the Lessor shall return all the monies paid by the Lessee to the Lessor under the terms of the Lease Deed back to the Lesssee, subject to any deduction as agreed by the Lessee.

Clauses 1.1.1 mentioned above are hereinafter collectively called the "Condition Precedent"

As soon as the Conditions Precedent are satisfied, this Lease Deed will come into force. The conditions of payments as per the Lease Deed are better described hereinafter in this Lease Deed. Further, the Parties hereto agree that after the Condition Precdent being satisfied, the Lessee shall have the right take possession of the Land and commence construction of the Project upon full payment of the Annual Rental Fee of the first year.

1.2 In pursuance of the said agreement and in consideration of the lease hereby granted and the Lessee's convenants hereinafter mentioned, the Lessor hereby transfers the Land to the Lessee, in order to for the Lessee (and its respective successors and permitted assigns) to hold the Land for the Lease Period. The Lessee shall pay the Lessor for the Land an annual rental fee of 10 Acres (40468.56 square meter)(kyats-100,000,00) (7400 USD) per year 1 Acres (4046.86 square meter) (kyats-1,000,000) (740 USD) per year for Lease Period in the manner prescribed under Clause 1.3 hereinafter (the "Annual Rental Fee").

1.3 The Annual Rental Fee shall be paid in fully by the Lessee to the Lessor upon entering into/singing of the present Lease Deed subject especially to the Lessee receiving a written notification and supporting documents from the Lessor. Future in case the Lease Deed is cancelled due to the Lessor not meeting the conditions set-forth under clauses any monies paid by the Lessee to the Lessor under the present Lease Deed shall be returned to the Lessee without any deduction whatsoever.

1.4 All the subsequent Annual Rent Fee to be paid per year by the Lessee to the Lessor for a Lease Period shall be paid on or behalf the 10th day of every succeeding year during the Lease Period. For avoidance of doubt it is expressly agreed between the Parties that for the purpose of the Lease Deed the year shall commence on the dated of the execution of the Lease Deed and conclude twelve (12) months hence and shall continue in the same proportion for the entire Lease Period.

1.5 If the Annual Rental Fee of the Land is not paid within 3 working days from the due date as mentioned in Clause 1.4 hereinabove, the Lessee shall pay the Lessor interest of 1% of the Annual Rental Fee per day over the days from due date to the actual date of payment.

1.6 It is for the purpose of a advoidance of doubt that the Parties hereby agree that the Land is being leased by the Lessor to the Lessss for the purpose of establishing to produce chicken hatchery and purpose ancillary thereto.

1.7 The Parties hereto agree and acknowledge that the Lessee is in process of incorporating a Myanmar registered company, which is likely to be named Myint Dachan Company Limited (the Prospectively Company") for the purpose of implementation of the Project and thus the Lessee reserves the right to transfer the lease right over the Land in favour the Prospectively Company as and when the same is established. Further for the purpose of the present Lease Deed and all rights and obligations therto, theProspectively Company shall be included in the meaning of Lessee for all reasons and purposes.

1.8 Further the Parties hereto agree that if in future, for any reason, the Government of Union of Republic of Myanmar takes over or would be willing to take over the rights and obligations of the Lessor, the Lessor will corporate and transfer his rights to the Government of Union of Republic of Myanmar without any consideration to that effect from the Lessee and the Lessee would start to lease the Land directly from the Government of Union of Republic of Myanmar as a Lessor.

အပိုဒ် ၁–အထွေထွေပြဋ္ဌာန်းချက်များ

၁.၁ စည်းကမ်းချက်များနှင့်အညီ အပိုဒ်ခွဲ ၁.၂ တွင် ဖော်ပြထားသော နှစ်စဉ်ငှားရမ်းငှားခကိုပေးချေပြီး မြေငှားစာချုပ်စတင်အကျိုးသက်ရောက်မည့်အချိန်တွင် အငှားချခြင်းခံရသူက မြေသည်စီမံကိန်းကို စတင်ရန်အတွက် သင့်လျော်သည်ဟု ယူဆလျက် ဤမြေငှားစာချုပ်ကို ချုပ်ဆိုကြသည်။ မြေငှားစာချုပ်ပါ စည်းကမ်းချက်များ မည်သို့ပင်ဆိုစေကာမူ အောက်ပါစည်းကမ်းများသည် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ အနေဖြင့်သက်ရောက်စေရမည်ဖြစ်ပြီး အောက်ပါ စည်းကမ်းချက်တစ်ချက်နှင့် မပြည့်မီပါက ဤမြေငှားစာချုပ်ကို ဖျက်သိမ်းနိုင်သည်။

၁.၁.၁။ အငှားချထားခြင်းခံရသူသည် မြေအားမိမိသို့ငှားရမ်းထားမည်ဖြစ်ကြောင်း အငှားချထားသူ၏ အတတ်နိုင်ဆုံးကူညီမှုဖြင့် သက်ဆိုင်ရာအာဏာပိုင်များထံမှ အတည်ပြုချက်ကို လက်ခံရရှိစေခြင်း။အကယ်၍ စာချုပ်ချုပ်ဆို သူများသည် ဤစည်းကမ်းသတ်မှတ်ချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိပါက

အငှားချထားသူသည် အငှားချထားခြင်းခံရသူဘက်မှ ဤစာချုပ်စည်းကမ်းချက်များအရ ပေးချေပြီးသော ငွေအားလုံးကို အငှားချထားခြင်းခံရသူသို့ ပြန်လည်ပေးချေရမည်ဖြစ်ပြီး ထိုသို့ပေးချေရာတွင် အငှားချထားခြင်းခံရသူမှ သဘောတူသည့်အတိုင်း နုတ်ယူခွင့်ရှိသည်။

အထက်တွင်ဖော်ပြထားသော အပိုဒ်ခွဲ ၁.၁.၁ကို နောင်တွင်ကြိုတင် ကြိုတင်စည်းကမ်း ကန့်သတ် ချက်များဟုခေါ်ဆိုမည်။

အထက်ပါ ကြိုတင် စည်းကမ်းကန့်သတ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်ပါက၊ ဤမြေငှား စာချုပ်သည် စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။ မြေငှားစာချုပ်အရ ငွေပေးချေမှု ဆိုင်ရာ စည်းကမ်းချက်များကို ဤမြေငှားစာချုပ်တွင် ပိုမိုအသေးစိတ် ဖော်ပြထားပါသည်။ ထို့အပြင် ကြိုတင် စည်းကမ်းကန့်သတ်ချက်များကို ဖြည့်ဆည်းလိုက်နာ ဆောင်ရွက်နိုင်ပြီးနောက် ပထမနှစ် အတွက် ငှားရမ်းခကို အပြီးအကျေ ပေးချေပြီးသည်နှင့် အငှားချထားခြင်းခံရသူသည် မြေအားလက် ဝယ်ရယူပိုင်ခွင့်ကိုရရှိမည်ဖြစ်ပြီး စီမံကိန်းအားစတင် တည်ဆောက်ရမည်ဖြစ်ကြောင်း စာချုပ်ချုပ်ဆို သူများက သဘောတူကြပါသည်။

၁.၂။ ဖော်ပြပါသဘောတူညီမှုကို ဆောင်ရွက်ရန်နှင့် မြေအားငှားရမ်းရန် သဘောတူညီကြပြီး အငှားချ ထားခြင်းခံရသူက အောက်ဖော်ပြပါအတိုင်း သဘောတူဝန်ခံကတိပြုရာတွင် အငှားချထားသူသည် မြေအားအငှားချထားခြင်းခံရသူ (နှင့် ၎င်း၏သက်ဆိုင်ရာဆက်ခံသူများနှင့် တရားဝင်လွှဲအပ်ခံရသူများ)က ငှားရမ်းသည့်သက်တမ်းကာလတစ်လျှောက်လုံးအတွက် သုံးစွဲနိုင်စေရန် မြေအား အငှားချထားခြင်းခံရသူသို့ လွှဲပြောင်းပေးအပ်လိုက်သည်။ အငှားခချထားခြင်းခံရသူသည် ဤမြေငှားစာချုပ်ကို လက်မှတ်ရေးထိုးရာတွင် တစ်နှစ်လျှင် ၁၀ ဧက (၄၀၄၆၈. ၅၆ စတုရန်းမီတာ) (ငွေကျပ်–၁၀၀,၀၀၀,၀၀)(အမေရိကန်ဒေါ်လာ ၇၄၀၀)နှုန်း ၁ ဧက (၄၀၄၆. ၈၆ စတုရန်းမီတာ) (ငွေကျပ်–၁၀၀၀၀၀၀)(အမေရိကန်ဒေါ်လာ ၇၄၀) နှုန်းဖြင့် ငှားရမ်းသည့်သက်တမ်းကာလအတွက် အောက်ပါအပိုဒ်ခွဲ (၁.၃)တွင်ဖော်ပြထားသော နည်းလမ်းအတိုင်း နှစ်စဉ်ငှားရမ်းခဟု ခေါ်ဆိုမည်)ကို အငှားချထားသူအား ပေးချေရမည်။

၁.၃။ နှစ်စဉ်ငှားရမ်းခအား ဤစာချုပ်လက်မှတ်ရေးထိုးသောရက်တွင် အပြီးအကျေ ပေးချေမည် ဖြစ်ပြီး၊ ကြိုတင်စည်းကမ်းကန့်သတ်ချက်အား အငှားချထားသူမှ လိုက်နာဆောင်ရွက်ပြီးကြောင်း စာဖြင့်ရေးသားထားသော သက်သေအထောက်အထားနှင့် စာချုပ်စာတမ်းများအား အငှားချထားခြင်း ခံရသူမှ လက်ခံရရှိစေရမည်။ ထို့နောက် အကယ်၍ အငှားချထားသူသည် ကြိုတင်စည်းကမ်း ကန့်သတ်ချက်အားလိုက်နာဆောင်ရွက်ခြင်းမရှိကြောင့်ဤမြေငှားစာချုပ်အား ဖျက်သိမ်းရခြင်းဖြစ်ပါက အငှားချထားခြင်းခံရသူမှ အငှားချထားသူသို့ ဤမြေငှားစာချုပ်အရ ပေးချေပြီးဖြစ်သော ငွေအားလုံး ကို မည်သည့်အခကြေးမှ နှုတ်ပယ်ခွင့်မရှိဘဲ အငှားချထားခြင်းခံရသူသို့ ပြန်လည်ပေးချေရမည်။

၁.၄။ ငှားရမ်းထားသောသက်တမ်းတစ်လျှောက်လုံးတွင် နောက်ထပ်ပေးချေရမည့် နှစ်စဉ်မြေ ငှားရမ်းခများအားလုံးကို နှစ်စဉ်နှစ်အစမှ (၁၀)ရက်အတွင်းအငှားချထားခြင်းခံရသူက နှစ်စဉ် ပေးချေ ရမည်။ နောင်တွင်ယုံမှားသံသယကင်းရှင်းစေရန် ဤမြေငှားစာချုပ်အရ နှစ်တစ်နှစ်သည် ဤစာချုပ် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ နောက်လ(၁၂)အထိဖြစ်ပြီး မြေငှားရမ်းသည့် သက်တမ်းတစ်လျှောက် လုံးတွင်လည်း ထိုကဲ့သို့အချိုးကျ အပိုင်းကာလများအဖြစ် ဆက်လက် မှတ်ယူရမည်ဖြစ်ကြောင်း စာချုပ်ချုပ်ဆိုသူများ သဘောတူ ညီကြပါသည်။

၁.၅။ နှစ်စဉ်ငှားရမ်းခအား အပိုဒ်ခွဲ ၁.၄ တွင်ဖော်ပြထားသည့် အချိန်စေ့ရောက်သည့်နေ့ရက်မှနောက်(၃)

ရက်အတွင်း ပေးချေခြင်းမရှိပါက အငှားချထားခြင်းခံရသူသည် နှစ်စဉ်ငှားရမ်းခ၏ (၁)%အား နေ့စဉ်အတိုးနှုန်းအဖြစ် ပေးချေရန်အချိန်စေ့ရောက်သည့်နေ့မှစ၍ အမှန်တကယ် ပေးချေသည့် နေ့ရက်အထိ တွက်ချက်၍ ပေးချေရမည်။

၁.၆။ နောင်တွင်ယုံမှားသံသယကင်းရှင်းစေရန် အငှားချထားသူသည် အငှားချထားခြင်းခံရသူသို့ အဆိုပါမြေအား ကြက်သားပေါက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်နှင့် ၄င်းလုပ်ငန်းအား လိုအပ်သော အထောက်အကူများ တည်ဆောက်ရန်အတွက် ရည်ရွယ်၍ ငှားရမ်းခြင်းဖြစ်ကြောင်း စာချုပ်ချုပ်ဆိုသူများက သဘောတူကြပါသည်။

၁.၇။ အငှားချထားခြင်းခံရသူသည် (နောင်တွင်ဖြစ်လာနိုင်သောကုမ္ပဏီ)ဟူသော အမည်ဖြင့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကုမ္ပဏီမှတ်ပုံတင်ကာ တည်ထောင်ရန်ဆောင်ရွက်နေကြောင်းနှင့် အဆိုပါကုမ္ပဏီတည်ထောင်ပြီးသည့်နောက်တွင် မြေငှားရမ်းသည့် အခွင့်အရေးအား နောင်တွင် ဖြစ်လာနိုင်သော ကုမ္ပဏီ၏အကျိုးအတွက် လွှဲပြောင်းပေးအပ်ခွင့်ရှိကြောင်း စာချုပ်ချုပ်ဆိုသူများက သဘောတူကတိပြုအပ်ပါသည်။ နောင်တွင်ဖြစ်လာနိုင်သော ကုမ္ပဏီသည် အငှားချထားခြင်းခံရသူနည်းတူ ဤစာချုပ်နှင့် ပတ်သက်သော အခွင့်အရေးများအား တာဝန်များအားလုံး အကျိုးအကြောင်းရည်ရွယ်ချက်ဖြင့် သက်ဆိုင်စေရမည်။

၁.၈။ နောင်တွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် အငှားချထားသူ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို လွှဲပြောင်းတာဝန်ယူခဲ့လျှင် သို့မဟုတ် ထိုအကျိုးသက်ရောက်မှုအား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရထံသို့ မိမိ၏အခွင့်အရေးများကို လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်းနှင့် အငှားချထားခြင်းခံရသူသည် မြေအား အငှားချထားသူနည်းတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရထံတွင် တိုက်ရိုက်စတင်ငှားရမ်းမည်ဖြစ်ကြောင်း စာချုပ်ချုပ်ဆိုသူများက သဘောတူကြပါသည်။

Article 2. LESSEE'S RIGHTS AND OBLIGATIONS

2.1 During the Lease Period the Lessee shall be resposnsible to pay stamp duty **(2%** upon the Annual Rental Fees) on and in relation to the Lease Deed at applicable rates to the Revenue Department and the applicable taxes to the Land.

2.2 The parties shall mutually arrange and complete the registration of this Lease Deed with the relevant government authority within 90 working days of the coming in to force of the Lease Deed with all related costs and taxes borne by the Lessee. For advoidance of doubt Parties agree that the Lessee will be responsible for all taxes imposed by the Government of Republic of Myanmar (the "Government")relating to this Lease Deed.

2.3 The Lessee hereby agrees that it shall within a period of 2 years from the date of execution ofthe Lease Deed start implementation of the Project by utilizating the Land lease out to the Lessee hereunder for aforementioned implementation of the Project.

2.4 The Lesssee for the purpose of implementation of the Project will be at liberty to

use the Land as the Lessee deems fit and proper for the implementation of the Project, without any inference or objection from the Lessor, including but no limited to materially altering the Land during the Lease Period. The Lessee shall have the exclusive right to negotiate with the Lessor for the purpose of renewing and extending the Lease Period after its expiration, provided that the law in force at that time does not prohibit or restrict this.

2.5 The Lessee shall have the right to peacefully and quietly hold, possess and enjoy the Land, during the Lease Period without any interruption, claims or legal demand whatsoever by the Lessor or any person or persons claiming under or on behalf of him or due to any fault/negligence on part of the Lessor, subject however, to the Lessee timely paying the Annual Rental Fee on the due date thereof and in the manner herein provided and to the proper observance and performance of the convenants, conditions and stipulation herein contained and on its part by the Lessee.

2.6 The Lessee shall upon becoming aware of any encroachment made upon or any interference with the Lessor's right concerning the Land, or of any disturbance or interference with the Land by a third party, with reasonable diligence, give notice thereof to the Lessor. Further the provisions as contained in Article 3.3 hereinafter, it is agreed to be read as reiterated here forming part of the present clause.

2.7 The Lessee agrees to pay the Annual Rental Fee ultimately on the day and to the manner aforesaid in Article 1 to keep the Land in good and tenantable condition and upon determination of the Lease Period put the Lessor back in possession of the Land.

2.8 The Lessee hereby agrees that it shall, before starting the construction of the factory for production of the chicken hatchery on the Land, obtain the necessary construction permit for such construction from the Yangon City Development Committee (the "Construction Permit")

2.9 Nothwitstanding Clause 2.8, the Lessee shall be entitled to carry out preparatory activities on the Land prior to the issuance of the Construction Permit. Such preparatory activities shallinclude technical surveying, land leveling and any activities which are of the preparatory nature. In case the Lessee would require to obtain any sort of approval for the purpose of abovementioned preparatory activities from the government authorities, under the Myanmar laws, the Lessee will be obliged to obtain such approvals prior to initation of the abovementioned preparatory activities.

2.10 In case the Lessee is not in a position to obtain the MIC permit Construction

Permit or any other relevant approval, permit or licence for the implementation of the Project, the Lessee reserves the right to transfer the Land to any third party and the Lessor hereby agrees to such a transfer and also undertakes that the Lesoe would provide all cooperation on a best effort basis and will closely align with the Lessee to facilitate such transfer.

2.11 The Lessee hereby convenants amd warrants that the Lesse shall not use the Land for any illegal activities whatsoever and if there is any sort of offence or any illegal activity committed by the Lessee on the Land the Lessee shall not in any manner be responsible for the same.

အပိုဒ် ၂– အငှားချထားခြင်းခံရသူ၏အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများ

၂.၁။ ငှားရမ်းသည့်သက်တမ်းကာလအတွင်း အငှားချထားခြင်းခံရသူသည် တံဆိပ်ခေါင်းခွန်(နှစ်စဉ်ငှားရမ်းခ၏ ၂ %)နှင့် မြေငှားစာချုပ်နှင့် စပ်လျဉ်းသည့် ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသောနှုန်းထားဖြင့် အခွန်ဌာနသို့ပေးဆောင်ရန် တာဝန်ရှိပြီး မြေနှင့်ပတ်သက်၍ ကောက်ခံသော အခွန်အခများအားလည်း ပေးဆောင်ရန် တာဝန်ရှိသည်။

၂.၂။ စာချုပ်ချုပ်ဆိုသူများသည် မြေငှားစာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့မှ ရုံးဖွင့်ရက် ရက်ပေါင်း(၉၀) အတွင်း အငှားချထားခြင်းခံရသူဘက်မှ ကျသင့်သော ကုန်ကျစရိတ်များနှင့် အခွန်အခများအားလုံးကို အငှားချထားခြင်းခံရသူမှပေးချေ၍ သက်ဆိုင်ရာအစိုးရဌာနတွင် မှတ်ပုံတင်သွင်းခြင်းအားပြီးမြောက်အောင် စီစဉ်ဆောင်ရွက်ရန် သဘောတူကြပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ နောင်တွင်ယုံမှားသံသယကင်းရှင်းစေရန် အတွက် အငှားချထားခြင်းခံရသူသည် ဤမြေငှားစာချုပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ (နောင်တွင်အစိုးရဟုခေါ်ဆိုမည်)မှကောက်ခံသော အခွန်အခများအားလုံးကိုပေးချေရန် တာဝန်ရှိကြောင်း စာချုပ်ချုပ်ဆိုသူများက သဘောတူကြပါသည်။

၂.၃။ အငှားချထားခြင်းခံရသူသည် ဤမြေငှားစာချုပ်ကို ချုပ်ဆိုပြီးသည့်နေ့ရက်မှစ၍ (၂)နှစ်အတွင်း ရှေ့တွင် ဖော်ပြခဲ့သည့် စီမံကိန်းကိုအကောင်အထည်ဖော်ရန်အတွက် အငှားချထားသူအား ငှားရမ်းထားသည့်မြေကို အသုံးပြု၍ စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူကတိပြုပါသည်။

၂.၄။ အငှားချထားခြင်းခံရသူသည် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖော်ပြပါ မြေအား သင့်လျော်သည်ဟု ယူဆသည့်အတိုင်း ငှားရမ်းသည့်သက်တမ်းကာလအတွင်း မြေကိုကြီးမားသော ပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းအပါအဝင် အငှားချထားသူ၏ဟန့်တားမှု သို့မဟုတ် ကန့်ကွက်မှုမရှိဘဲ လွတ်လပ်စွာ သုံးစွဲခွင့်ရရှိစေမည်။ မြေငှားစာချုပ်၏သက်တမ်းကာလကုန်ဆုံးချိန်တွင် မြေငှားစာချုပ်ကို သက်တမ်းတိုးရန်အတွက် အငှားချထားသူနှင့် ညှိနှိုင်းဆွေးနွေးရန်အခွင့်အရေးအား အငှားချထားခြင်းခံရသူတစ်ဦးတည်းသာ ရရှိစေရမည်။

၂.၅။ အငှားချထားခြင်းခံရသူသည် ငှားရမ်းသည့်သက်တမ်းကာလအတွင်းမြေအား အငှားချထားသူဘက်မှ ဟန့်တားမှု ပျက်ကွက်မှု ပေါ့လျော့မှုကြောင့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များမှ အငှားချထားသူကိုယ်စား

ဥပဒေအရတောင်းခံမှု သို့မဟုတ် တောင်းဆိုမှုတို့မရှိဘဲ နှစ်စဉ်ငှားရမ်းခများကို သတ်မှတ်ထားသည့် နေ့ရက်များတွင် စာချုပ်၌သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း အချိန်မီပေးချေ၍ ပြဋ္ဌာန်းထားသော ဝန်ခံကတိပြုချက်များ စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များနှင့်အညီ မိမိဘက်မှဆောင်ရွက်ရမည့် တာဝန်များကိုသင့်လျော်စွာ ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းစွာ လက်ဝယ်ထားခွင့်ရှိစေရမည်။

၂.၆။ အငှားချထားခြင်းခံရသူသည် မြေပေါ်တွင်ကျူးကျော်မှုတစ်ခုခု သို့မဟုတ် မြေနှင့်စပ်လျဉ်း၍ အငှားချထားသူ၏ အခွင့်အရေးကို ဟန့်တားနှောင့်ယှက်မှုတစ်ခုခု သို့မဟုတ် မြေနှင့်စပ်လျဉ်း၍ တတိယပုဂ္ဂိုလ်တစ်ဦးဦး၏ ဟန့်တားမှု သို့မဟုတ် နှောင့်ယှက်မှုတို့အား သိရှိပါက သင့်လျော်သော လုံ့လစိုက်ထုတ်လျက် အငှားချထားသူသို့ အဆိုပါအကြောင်းအရာအား အသိပေးအကြောင်းကြားရမည်။ အပိုဒ်ခွဲ ၃.၃တွင် ဖော်ပြထားသော အချက်အလက်များသည် ဤအပိုဒ်၏ တစ်စိတ်တစ်ဒေသအဖြစ် အကျုံးဝင်စေရမည်။

၂.၇။ အငှားချထားခြင်းခံရသူသည် နှစ်စဉ်ငှားရမ်းခများကို အပိုဒ်(၁)တွင် ဖော်ပြထားသည့်နေ့ရက်နှင့် နည်းလမ်းများအတိုင်း အငှားချထားသူသို့ ပေးချေရန် မြေအား ကောင်းမွန်ပြီး ငှားရမ်းနိုင်သည့်အနေအထား အတိုင်း ထိန်းသိမ်းထားရန်နှင့် သတ်မှတ်ထားသော ငှားရမ်းသည့်သက်တမ်းကာလကုန်ဆုံးချိန်တွင် မြေပိုင်ဆိုင်ခွင့်အား အငှားချထားသူသို့ ပြန်လည်ပေးအပ်ရန် သဘောတူပါသည်။

၂.၈။ အငှားချထားခြင်းခံရသူသည် မြေပေါ်တွင် ကြက်သားပေါက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်လုပ်ငန်းမစတင်မီစက်ရုံတည်ဆောက်ရန်အတွက်လိုအပ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အဆောက်အအုံဆောက်လုပ်ခွင့် ခွင့်ပြုမိန့် (နောင်တွင် အဆောက်အအုံဆောက်လုပ်ခွင့် ခွင့်ပြုမိန့်ဟု ခေါ်ဆိုမည်)ကိုရရှိစေရန် ဆောင်ရွက်ရမည်။

၂.၉။ အပိုဒ် ၂.၈ တွင်မည်သို့ပင်ဆိုစေကာမူ အငှားချထားခြင်းခံရသူသည် အဆောက်အအုံ ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်အား မထုတ်ပေးမီ မြေပေါ်တွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခွင့်ရှိသည်။ အဆိုပါ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် နည်းပညာများဖြင့် မြေအား စစ်ဆေးခြင်း၊ မြေသားပြုပြင်ခြင်းနှင့် ကြိုတင်ပြင်ဆင်သည့်သဘောသက်ရောက်သော မည်သည့်လုပ်ဆောင်ချက်မဆို ပါဝင်သည်။ အကယ်၍ အထက်ပါမြေအားပြုပြင်ခြင်း ၊ ပြင်ဆင်ခြင်းအတွက် မြန်မာနိုင်ငံဥပဒေအရသက်ဆိုင်ရာအစိုးရအာဏာပိုင်မှ ခွင့်ပြုချက်ရယူပြီးမှသာ ပြုပြင်ခြင်းပြုလုပ်ရန် လိုအပ်ပါက အငှားချထားခြင်းခံရသူသည် သက်ဆိုင်ရာအစိုးရဌာနမှ ခွင့်ပြုချက်အားကြိုတင်ရယူပြီးမှ လုပ်ဆောင်ပါမည်ဟု ကတိပြုပါသည်။

၂.၁၀။ အငှားချထားခြင်းခံရသူသည် စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် MICခွင့်ပြုမိန့်၊ အဆောက်အအုံဆောက်လုပ်ခွင့် ခွင့်ပြုမိန့်သို့မဟုတ် အခြားသက်ဆိုင်ရာခွင့်ပြုချက်၊ ခွင့်ပြုမိန့်နှင့်လိုင်စင်များကို မရရှိပါက အငှားချထားသူသည် မြေအားတတိယပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ခုခုထံသို့ လွှဲပြောင်းနိုင်ရန် အငှားချးထားခြင်းခံရသူအား မိမိတတ်နိုင်စွမ်းသမျှပံ့ပိုးကူညီ၍ ပူးပေါင်းဆောင်ရွက်သွားပါမည်ဟု ကတိပြုအပ်ပါသည်။

၂.၁၁။ အငှားချထားခြင်းခံရသူသည် မြေပေါ်တွင်တရားဥပဒေနှင့်မလွတ်ကင်းသော လုပ်ဆောင်ချက်များအား မလုပ်ဆောင်ရန်နှင့် အကယ်၍အငှားချထားခြင်းခံရသူမှ တရားဥပဒေနှင့်မလွတ်သော အပြုအမူ လုပ်ဆောင်ချက်များပြုလုပ်ခြင်းကြောင့် ပြစ်မှုကျူးလွန်ပါက အငှားချထားသူအပေါ်တွင် တာဝန်မရှိစေရ။

3.1 The Lessor convenats that is absolutely seized and possessed of, or otherwise well and suffuciently entitled to, the Land under the Permit and that he is having full power and absolute authority tolease and transfer of right the Land to the Lessee.

3.2 The Lessor hereby agrees that he shall cooperate and assist the Lessee with arranging and completing the registration of this Lease Deed with the relevant Government authority within 90 working days of the singing of the Lease Deed at the cost of the Lessee.

3.3 The Lessor hereby unconditionally and irrevocably agrees and convenants that the Lessor shall not in any manner repossess or confiscates the Land or cause any hindrance in the peaceful functioning of the Project or enjoyment of the Lessee during the Lease Period.

3.4 The Lessor hereby that it would provided all possible support to the Lessee in obtaining the MIC Permit, Construction Permit from the Yangon City Development Committee for the purpose of constructing a factory to produce chicken hatchery on the Land, or any other approval that may be required for the implantation of the Project.

3.5 After the completion of the construction of the Project by the Lessee over the Land, it shall be the obligation upon the Lessor to procure in its name the unlimited land use right with respect to the Land, in order to enable the Lesssee an uninterrupted use of Land for the Purpose of operating a Project factory for production chicken hatchery For avoidance to doubt it is hereby agreed between the Parties the condition pertaining to obtaining the unlimited land use right with respect to the Land by the Lessor shall be a condition *sine qua non* for the purpose of this Lease Deed and failure on part of the Lessor of obtain the unlimited land use right shall give right to the Lessee to immediately terminate the Lease Deed and in such situation the Lessor shall be liable to repayment of entire Annual Rental Fee amount already paid, the entire cost of construction of the Project and reasonable interest thereto.

3.6 It is duly agreed between the Parties that since the period as per the Permitted Use (, ,20), within the construction has to be completed and the period for completion of construction as provided under the Lease Deed (2 years from the execution of Lease Deed) do not correspond to each other, reason being so the Lessor hereby agrees that the Lessor shall, if needed, support the Lessee in getting the period for completion in the Permitted Use extended to correspond with the period of construction as provided under the Lease Deed.

3.7 The Parties hereto agree that it shall be duly of the Lessor to get the Land convert

into a Grant Land after the completion of the Project viz, construction of the chicken hatchery factorty. In in failure to do so the Lessee shall be entitled to compensation for any loss suffered because of the Lessor's default.

အပိုဒ် ၃– အငှားချထားသူ၏အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ

၃.၁။ အငှားချထားသူသည် မြေကို ကောင်းမွန်စွာ အပြည့်အဝ လက်ဝယ်လုပ်ပိုင်ခွင့်ရရှိထားပြီး အငှားချထားခြင်းခံရသူသို့ မြေကိုငှားရမ်းရန် လုပ်ပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

၃.၂။ အငှားချထားသူသည် ဤမြေငှားစာချုပ်ကိုလက်မှတ်ရေးထိုးပြီးနောက် ရုံးဖွင့်ရက် ရက်ပေါင်း(၉၀)အတွင်း ကျသင့်သောကုန်ကျစရိတ်များကို အငှားချထားခြင်းခံရသူကပေးချေ၍ သက်ဆိုင်ရာအစိုးရ အာဏာပိုင်ထံတွင် မှတ်ပုံတင်ခြင်းကို ပြီးမြောက်အောင် အငှားချထားခြင်းခံရသူနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ရန် သဘောတူကြပါသည်။

၃.၃။ အငှားချထားသူသည်ငှားရမ်းသည့်သက်တမ်းကာလအတွင်း မြေအားပြန်လည်ပိုင်ဆိုင်ရန်ဆောင်ရွက်ခြင်း သို့မဟုတ် စီမံကိန်းအားငြိမ်းချမ်းစွာအကောင်အထည်ဖော်ခြင်းနှင့် အငှားချထားခံရသူက မြေအားငြိမ်းချမ်းစွာ သုံးစွဲခြင်းတို့ကို နှောင့်ယှက်ခြင်းမပြုလုပ်ပါဟု ဝန်ခံကတိပြုအပ်ပါသည်။

၃.၄။ အငှားချထားသူသည် အငှားချထားခြင်းခံရသူမှ MICခွင့်ပြုမိန့်၊ မြေပေါ်တွင် ကြက်သားပေါက်မွေးမြူရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အအုံ ဆောက်လုပ်ခွင့် ခွင့်ပြုမိန့် သို့မဟုတ် စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရန် အတွက်လိုအပ်သော အခြားခွင့်ပြုချက်များကိုရရှိစေရန် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးမည်ဟု သဘောတူပါသည်။

၃.၅။ အငှားချထားခြင်းခံရသူ၏ ကြက်သားပေါက်မွေးမြူခြင်းလုပ်ငန်းအား အနှောင့်အယှက်ကင်းမဲ့စေရန် မြေပေါ်တွင် စီမံကိန်းအဆောက်အအုံအား အငှားချထားခြင်းခံရသူမှ ဆောက်လုပ်ပြီးစီးပါက အငှားချထားခြင်း ခံရသူသည် မြေအား အမြဲတမ်းဆက်လက်အသုံးပြုခွင့် မြေငှားစာချုပ်အားသက်ဆိုင်ရာ အစိုးရဌာနသို့ လျှောက်ထားရန် တာဝန်ရှိသည်။ အရှုပ်အရှင်းကင်းရှင်းစေရန်အတွက် အငှားချထားသူသည် မြေအား အမြဲတမ်းဆက်လက် အသုံးပြုခွင့် အားလျှောက်ထားရန် အရေးကြီးသောတာဝန် တစ်ရပ်ဖြစ်ပြီး အကယ်၍လျှောက်ထားခြင်းမရှိပါက အငှားချထားခြင်းခံရသူဘက်မှ စာချုပ်အားရပ်စဲဖျက်သိမ်းရန် အခွင့်ရှိပြီး အငှားချထားသူဘက်မှ ပေးချေပြီးသောနှစ်စဉ်ငှားရမ်းခများနှင့်တကွ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်နှင့် သင့်လျော်သော အတိုးနှုန်းများအား ပြန်လည်ပေးချေရမည်ဖြစ်သည်။

၃.၆။ စာချုပ်ချုပ်ဆိုသူများသည် အဆောက်အအုံဆောက်လုပ်ခွင့်ပါမစ်သည် ခုနှစ်၊ လ၊ ( )ရက်နေ့တွင်ကုန်ဆုံးမည်ဖြစ်၍ အဆောက်အအုံအား ထိုနေ့ရက်မရက်မှီ အပြီးသတ်ဆောက်လုပ်ရမည် ဟူသည်နှင့် ဤစာချုပ်ပါဆောက်လုပ်ခွင့်ကာလ(စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ (၂)နှစ်အတွင်း) တို့သည် ရှေ့နောက်ညီညွတ်ခြင်းမရှိပါသဖြင့် ဤမြေငှားစာချုပ်ပါ ဆောက်လုပ်ခွင့်ကာလနှင့် ကိုက်ညီမှုရှိစေရန် ပါမစ်ပါဆောက်လုပ်ခွင့်ကာလ ကုန်ဆုံးပါက ဆောက်လုပ်ခွင့်ကာလသက်တမ်းအား လိုအပ်လျှင်စာချုပ်ပါ ဆောက်လုပ်ခွင့်သက်တမ်းအထိတိုးမြှင့်လျှောက်ထားနိုင်ရန် အငှားချထားသူမှ အငှားချထားခြင်းခံရသူအား ကူညီဆောင်ရွက်ပေးပါမည်ဟု သဘောတူကြပါသည်။

၃.၇။ အငှားချထားသူသည် အငှားချထားခြင်းခံရသူမှ ကြက်သားပေါက်မွေးမြူရန်အတွက် စီမံကိန်း

ဆောက်လုပ်ပြီးစီးချိန်တွင် မြေအားအမြဲတမ်းအသုံးပြုခွင့် (ဂရန်မြေ) လျှောက်ထားပေးရန် တာဝန်ရှိသည်။ ထိုသို့လျှောက်ထားခြင်းမရှိခြင်းကြောင့် အငှားချထားခြင်းခံရသူမှ ဆုံးရှုံးနစ်နာမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက လျော်ကြေးတောင်းပိုင်ခွင့်ရှိသည်။

Article 4. FORCE MAJEURE

4.1 For the Lease Deed, the expression "Force Majeure" or " Force Majeure Event" shall mean the occurence in Myanmar of any event which affects the performance by the Party claiming the benefit of Force Majeure (the "Affected Party") of its obligation under this Lease Deed and which act or event (i) is beyound the reasonable control of the Affected Party, and (ii) the Affected Party could not have pervented or overcome by exercise of due diligence and (iii) has Material Adverse Effect (as defined hereinafter) on the Affected Party and its ability to perform under this Lease Deed, and shall include the following events:

a) Any act of god including but not limited to, epidemic, extremely adverse weather conditions, lightning, earthquake, landslide, cyclone, flood, fire or explosion; or

b) Strikes, lockouts, riots, labor dispute, labor or materials shortage which are beyound the control of the Lessee; or

c) Exceptionally inclement weather; or

d) Governmental regulations or directions or unreasonable or unanticipated exercise of discretionary enemies, hostilities (whether war be declared or not), rebellion, revolution, insurrection, military or usurped power or confiscation, nationalization, reuisition, destruction or damage to property by or under the order of any government or public or local authority or imposition of government sanction or embargo.

(Each, a "Force Majeure Event")

Further for avoidance of doubt the Parties hereto, agree that "Material Adverse Effect" means a material adverse effect of any act or event on the ability of either Party to perform any of its obligations under and in accordance with the provisions of this Lease Deed and which act or event causes a material financial burden or loss to either Party;

4.2 If a Force Majeure Event occurs the Affected Party shall notify the other Party within fourteen (14)days and shall provide details of the reasons for the non-performance. If the other Party agrees, the Affected Party's obligations under this Lease Deed

shall be suspended for the duration of the period of Force Majeure. Neither Party shall be liable for any loss or damage incurred by the other Party during the period of Force Majeure.

4.3 For avoidance of doubt the Parties hereby agree that conditional to the Lessee having fully paid the Annual Rental Fee, the Lessor shall not, on ground that a Force Majeure Events has occured, terminate the present Lease Deed of the Land and the Lessee shall, subject to other conditons mentioned herein, continue to have the right over the Land in its capacity as a Lessee on the terms agreed herin under this Lease Deed.

အပိုဒ်–၄ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၄.၁။ ဤမြေငှားစာချုပ်တွင် မလွန်ဆန်နိုင်သောဖြစ်ရပ်များ ဟူသော စကားရပ်၌ မလွန်ဆန်နိုင်သော ဖြစ်ရပ်ကြောင့် အကျိုးခံစားခွင့်ကိုတောင်းခံသော စာချုပ်ချုပ်ဆိုသူ (နောင်တွင် ထိခိုက်နစ်နာသော စာချုပ်ချုပ်ဆိုသူဟုခေါ်ဆိုမည်)က ဤမြေငှားစာချုပ်နှင့်အညီ ၎င်း၏တာဝန်ဝတ္တရားများအား ဆောင်ရွက်ခြင်းကို ထိခိုက်စေနိုင်သော မြန်မာနိုင်ငံတွင်ဖြစ်ပေါ်သည့်ဖြစ်ရပ်ကိုဆိုသည်။ အဆိုပါ ဖြစ်ရပ်သည် (၁) ထိခိုက်နစ်နာသောစာချုပ်ချုပ်ဆိုသူ၏ သင့်လျော်သောထိန်းချုပ်မှုထက် ကျော်လွန်သော၊(၂) ထိခိုက်နစ်နာသော စာချုပ်ချုပ်ဆိုသူက သင့်လျော်သော လုံ့လစိုက်ထုတ် ဆောင်ရွက်ပါလျက်မဟန့်တားနိုင်သော သို့မဟုတ် မကျော်လွှားနိုင်သော၊ (၃)ထိခိုက်နစ်နာသော စာချုပ်ချုပ်ဆိုသူ နှင့်ဤမြေငှားစာချုပ်အရ ၎င်း၏လုပ်ဆောင်နိုင်စွမ်းအပေါ် အရေးပါသော အကျိုးသက်ရောက်မှု ဖြစ်စေသော ဖြစ်ရပ်ကိုဆိုလိုသည်။ အဆိုပါစကားရပ်တွင် အောက်ပါဖြစ်ရပ်များလည်း ပါဝင်စေရမည်။

(က) ကူးစက်ရောဂါ၊ အလွန်ဆိုးရွားသောရာသီဥတုအခြေအနေ၊ လျှပ်စီးလက်ခြင်း၊ မြေငလျင်ဘေး၊ မြေပြိုခြင်း၊ ဆိုက်ကလုန်းမုန်တိုင်း တိုက်ခတ်ခြင်း၊ ရေဘေး၊ မီးဘေးနှင့် ပေါက်ကွဲခြင်း၊ သို့မဟုတ်

(ခ) သပိတ်မှောက်ခြင်း၊ အလုပ်ရှင်က အလုပ်ရုံပိတ်ထားခြင်း၊ ရှုန်းရင်းဆန်ခတ်ဖြစ်ခြင်း၊ အလုပ်သမားပဋိပက္ခများ၊ အလုပ်သမားများနှင့်ကုန်ကြမ်းပစ္စည်းရှားပါးမှုတို့ကဲ့သို့ အငှားချထားခြင်းခံရသူ၏ ထိန်းချုပ်မှုထက်ကျော်လွန်သောဖြစ်ရပ်များ၊ သို့မဟုတ်

(ဃ) အုပ်ချုပ်ရေးစည်းမျဉ်းများ သို့မဟုတ်ညွှန်ကြားချက်များ သို့မဟုတ်အစိုးရ သို့မဟုတ် အများပြည်သူဆိုင်ရာ သို့မဟုတ် ဒေသခံအာဏာပိုင်အား တရားဝင်ပေးအပ်ထားသည့် ဆင်ခြင်တုံတရားဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသောအာဏာအား မလျော်ကန်သော သို့မဟုတ်မမျှော်လင့်ထားသော ကျင့်သုံးမှု သို့မဟုတ် အခြားအလားတူဖြစ်ရပ်များ၊ ဥပဒေ၊ စီရင်ချက်၊ အမိန့်၊ ဒီကရီ၊ ကုန်သွယ်မှု ပိတ်ပင်ခြင်း သို့မဟုတ် စီးပွားရေးပိတ်ဆို့မှု သို့မဟုတ်

(င) ရှုန်းရင်းဆန်ခတ်ဖြစ်မှု၊ စစ်ပွဲ၊ ကျူးကျော်မှု၊ နိုင်ငံရပ်ခြား ရန်သူများ၏လုပ်ရပ်၊ ရန်လိုမှု (စစ်ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ) ပုန်ကန်မှု၊ တော်လှန်မှု၊ နိုင်ငံတော် အာဏာသိမ်းပိုက်ရန် အားထုတ်ခြင်း၊ စစ်တပ်အာဏာသိမ်းခြင်း သို့မဟုတ် အရပ်သား အာဏာသိမ်းခြင်း သို့မဟုတ် ဒေသဆိုင်ရာ

အာဏာပိုင်များ၏ အမိန့်အရ ပစ္စည်းများသိမ်းယူခြင်း၊ တောင်းဆိုခြင်း၊ ဖျက်ဆီးခြင်း၊သို့မဟုတ် အစိုးရ၏တားဆီးမိန့်ထုတ်ပြန်ခြင်း အပါအဝင် အာဏာပိုင်အဖြစ် ဆောင်ရွက်ခြင်း၊

(အထက်ပါ ဖြစ်ရပ်တစ်ခုချင်းစီအားမလွန်ဆန်နိုင်သော ဖြစ်ရပ်ဟုခေါ်ဆိုရမည်။)

ရှုပ်ထွေးမှုကင်းရှင်းစေရန်အတွက် အရေးပါသော အကျိုးသက်ရောက်မှုဆိုသည်မှာ စာချုပ်ချုပ်ဆိုသူတစ်ဦးက ဤမြေငှားစာချုပ်၏ ပြဋ္ဌာန်းချက်များနှင့်အညီ ၎င်း၏တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်စွမ်းအားအရေးပါသော အကျိုးသက်ရောက်မှုဖြစ်စေနိုင်သည့် ဖြစ်ရပ်တစ်ခုခုကိုဆိုသည်။ အဆိုပါဖြစ်ရပ်တစ်ခုခုသည် စာချုပ်ချုပ်ဆိုသူ တစ်ဦးအား ကြီးမားသော ဘဏ္ဍာရေးဆိုင်ရာအခက်အခဲ သို့မဟုတ် ဆုံးရှုံးမှုကိုဖြစ်ပေါ်စေသည်။

၄.၂။ မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုဖြစ်ပွားပါက ထိခိုက်နစ်နာသော စာချုပ်ချုပ်ဆိုသူသည် တစ်ဆယ့်လေး (၁၄)ရက်အတွင်း အဆိုပါအကြောင်းကိစ္စအား အခြားစာချုပ်ချုပ်ဆိုတစ်ဦးထံသို့ အကြောင်းကြားရမည်ဖြစ်ပြီး လုပ်ငန်းမဆောင်ရွက်နိုင်ခြင်းအတွက် အသေးစိတ်အကြောင်းပြချက်ဖြင့် အကြောင်းကြားရမည်။ အခြားစာချုပ်ချုပ်ဆိုသူက ၎င်းအားလက်ခံလျှင် ထိခိုက်နစ်နာသော စာချုပ်ချုပ်ဆိုသူသည် ဤမြေငှားစာချုပ်အရ ဆောင်ရွက်ရမည့် ၎င်း၏တာဝန်ဝတ္တရားများကို မလွန်ဆန်နိုင်သော ဖြစ်ရပ်ဖြစ်ပွားနေစဉ် ကာလအတွင်း ဆိုင်းငံ့ထားရမည်။ အဆိုပါ မလွန်ဆန်နိုင်သော ဖြစ်ရပ်ဖြစ်ပွားနေစဉ် ကာလအတွင်း မည်သည့်စာချုပ်ချုပ်ဆိုသူမှ အခြားစာချုပ်ချုပ်ဆိုသူတစ်ဦး၏ ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှု တစ်စုံတစ်ရာအတွက် တာဝန်မရှိစေရ။

၄.၃။ ရှုပ်ထွေးမှုကင်းရှင်းစေရန်အတွက် အငှားချထားခြင်းခံရသူသည် ငှားရမ်းသည့် သက်တမ်းကာလအတွင်း နှစ်စဉ်ငှားရမ်းခများကို ပေးချေ သို့မဟုတ် ဆက်လက်ပေးချေနေသရွေ့ အငှားချထားသူသည် မလွန်ဆန်နိုင်သော ဖြစ်ရပ်ဖြစ်ပွားခြင်းအား အကြောင်းပြု၍ ဤမြေငှားစာချုပ်ကိုမဖျက်သိမ်းရ အငှားချ ထားခြင်းခံရသူသည် ဤမြေငှားစာချုပ်ပါ အခြားစည်းကမ်းချက်များနှင့်အညီ ဤမြေငှား စာချုပ်တွင် သဘောတူထားသည့် စည်းကမ်းချက်များအတိုင်း မြေပေါ်တွင် ၎င်း၏ အငှားချထားခြင်း ခံရသူဆိုင်ရာ အခွင့်အရေးရှိစေရမည်။

Article 5. SEVERABILITY

5.1 If for any reason whatsoever, any provision of this Lease Deed is or becomes invalid, illegal or unenforceable or is declared by any court of competent jurisdiction or any other instrumentality to be valid, illegal or unenforceable, the validity, legality or enforceability of the remaining provisions shallnot be affected in any manne, and the Parties will negotiate in good faith with a view to agreeing to one or more provisions which may substitute such invalid, unenforceable or illegal provisions, as nearly as is practicable to such invalid, illegal or unenforceable provision. Failure to agree upon any such provisions shall be subject to the Dispute Resolution Procedures set forth under this Lease Deed or other wise.

အပိုဒ်–၅ ပြဋ္ဌာန်းချက်များ၏သီးခြားစီဖြစ်မှုအခြေအနေ

၅.၁။ မည်သည့်အကြောင်းရင်းအရဖြစ်စေ၊ ဤမြေငှားစာချုပ်ပါ ပြဋ္ဌာန်းချက်တစ်ရပ်သည် တရားမဝင်သို့မဟုတ် တရားဥပဒေနှင့်မညီညွတ်သို့မဟုတ် လိုက်နာဆောင်ရွက်ရန်မသင့်လျော်ပါက သို့မဟုတ် တရားစီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုက တရားမဝင်ကြောင်း၊ သို့မဟုတ် တရားဥပဒေနှင့် မညီညွတ်ကြောင်း သို့မဟုတ် လိုက်နာဆောင်ရွက်ရန် မသင့်လျော်ကြောင်း ထုတ်ပြန်ပါက သို့မဟုတ် အခြားအချက်တစ်ခုခုသည် တရားမဝင်သို့မဟုတ် တရားဥပဒေနှင့်မညီညွတ်သို့မဟုတ် လိုက်နာဆောင် ရွက်ရန်မသင့်လျော်ပါက ကျန်ပြဋ္ဌာန်းချက်များ တရားဝင်ဖြစ်မှုနှင့် လိုက်နာဆောင်ရွက်မှုတို့အား ထိခိုက်ခြင်းမရှိစေရ။ စာချုပ်ချုပ်ဆိုသူများက အဆိုပါတရားမဝင်သော သို့မဟုတ် လိုက်နာဆောင်ရွက်ရန် မသင့်လျော်သော သို့မဟုတ် တရားဥပဒေနှင့် မညီညွတ်သောပြဋ္ဌာန်းချက်များနှင့် အနီးစပ်ဆုံးဖြစ်သည့် အဆိုပါတရားမဝင်သော သို့မဟုတ် လိုက်နာဆောင်ရွက်ရန်မသင့်လျော်သော ပြဋ္ဌာန်းချက်နေရာတွင် အစားထိုးရန် အခြားပြဋ္ဌာန်းချက်တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ သဘောတူညီမှုရရှိစေရန် သဘောရိုးဖြင့် ညှိနှိုင်းရမည်။ အဆိုပါပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍သဘောတူညီမှု မရရှိပါက ဤမြေငှားစာချုပ်အရချမှတ်ထားသော အငြင်းပွားမှုဖြေရှင်းချင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ရမည်။

Article.6 SUCCESSORS AND ASSIGNS

6.1 This Lease Deed shall be binding upon, and inure to the benefit of the Parties and their respectives sucessors and assigns.

6.2 Further, for the purpose of this Article and this Lease Deed it is hereby explicity agreed and understood between the Parties that the Lessee assign this Lease Deed to its subsidiary which is at the time of entering into this agreement still in the process of being established, once established.

အပိုဒ်–၆ ဆက်ခံသူများနှင့် လွှဲပြောင်းပေးအပ်ခံရသူများ

၆.၁။ ဤမြေငှားစာချုပ်သည် စာချုပ်ချုပ်ဆိုကြသူများနှင့် ၎င်းတို့၏သက်ဆိုင်ရာဆက်ခံသူများ၊ လွှဲပြောင်းပေး အပ်ခံရသူများအပေါ် စည်းနှောင်မှုရှိစေရမည်။

၆.၂။ အငှားချထားခြင်းခံရသူသည် ၎င်း၏လက်အောက်ခံကုမ္ပဏီဖြစ်သော (တည်ထောင်စဲဖြစ်သော သို့မဟုတ် တည်ထောင်ပြီးချက်ချင်းအချိန်တွင်)သို့လွှဲပြောင်းမည်ဖြစ်ကြောင်း စာချုပ်ချုပ်ဆိုသူများသည် ဤမြေငှားစာချုပ်ချုပ်ဆိုသည့်အချိန်တွင်ပင် စာချုပ်ပါစည်းမျဉ်းစည်းကမ်းများ ရည်ရွယ်ချက်များအား အတိအလင်းနားလည်သဘောတူလက်ခံကြပါသည်။

Article 7- NOTICES

7.1 Any notice or other communication to be given by any Party to the other Party under or in connection with the matters contemplated by this Lease Deed shall be in

writing and shall:

1. in the case of notice to the Lessor, be given by facsimile or e-mail if they are subsequentllly confirmed by sending a copy thereof by registered acknowledgement due, air mail or by courier, to the address given and marked for attention of the person set out below or to such other person as the Lessor may from time to time designate by notice to the Lessee;

[***]

2. in the case of notice to the Lessee, be given by facsimile or e-mail if they are subsequently confirmed by sending a copy thereof by registered acknowledgement due, airmail or by couier, to the address given and marked for attention of the person set out below or to such other person as the Lessee may from time to time designated by notice to the Lessor;

[***]

3. any notice or communication by a Party to the other Party, given in accordance herewith, shall be deemed to have been delivered on the actual date and time of delivery provided that in the case of facsimile or email, it shall be deemed to have been delivered on the working day following the date of its delivery.

7.2 The relevant details with respect to notice between the partied, their representatives communication detail and addressed shall be as described under Schedule B to thisLease Deed.

အပိုဒ် ၇– အကြောင်းကြားစာများ

၇.၁။ စာချုပ်ချုပ်ဆိုသူတစ်ဦးက အခြားစာချုပ်ချုပ်ဆိုသူတစ်ဦးအား ဤမြေငှားစာချုပ်နှင့်စပ်လျဉ်းသော ကိစ္စရပ်များအတွက် ပေးအပ်သော အကြောင်းကြားစာ သို့မဟုတ် ဆက်သွယ်ဆောင်ရွက်မှုအားလုံးအား စာဖြင့် ရေးသားရမည်ဖြစ်ပြီး

၁။ အငှားချထားသူအား အကြောင်းကြားစာပေးပို့ရာတွင် အောက်တွင်ဖော်ပြထားသော သက်ဆိုင်ရာ ပုဂ္ဂိုလ်သို့မဟုတ် အငှားချထားသူက အငှားချထားခြင်းခံရသူသို့ စာဖြင့်ရေးသား၊ အကြောင်းကြားပြီး သတ်မှတ်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးအား လိပ်မူ၍ အောက်တွင်ဖော်ပြထားသော လိပ်စာသို့ အကြောင်းကြားစာများအား ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့် ပေးပို့ရမည့်အပြင် ထိုသို့ပေးပို့ပြီးနောက် အဆိုပါ အကြောင်းကြားစာများအား မှတ်ပုံတင်စာ၊ လေကြောင်းစာ သို့မဟုတ် အမြန်ချောပို့စနစ်ဖြင့် ထပ်မံပေးပို့ရမည်။

၂။ အငှားချထားခြင်းခံရသူအား အကြောင်းကြားစာပေးပို့ရာတွင် အောက်တွင်ဖော်ပြထားသော

သက်ဆိုင်ရာပုဂ္ဂိုလ်သို့မဟုတ် အငှားချထားခြင်းခံရသူက အငှားချထားသူသို့ စာဖြင့်ရေးသား အကြောင်းကြားပြီးသတ်မှတ်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးအား လိပ်မူ၍ အောက်တွင်ဖော်ပြထားသော လိပ်စာသို့ အကြောင်းကြားစာများအား ဖက်စ်သို့မဟုတ် အီးမေးလ်ဖြင့် ပေးပို့ရမည့်အပြင် ထိုသို့ပေးပို့ပြီးနောက် အဆိုပါအကြောင်းကြားစာများအား မှတ်ပုံတင်စာ၊ လေကြောင်းစာ သို့မဟုတ် အမြန်ချောပို့စနစ်ဖြင့် ထပ်မံပေးပို့ရမည်။

၃။ စာချုပ်ချုပ်ဆိုသူတစ်ဦးက အခြားစာချုပ်ချုပ်ဆိုသူတစ်ဦးအား ဤမြေငှားစာချုပ်နှင့်အညီ ပေးပို့သည့် အကြောင်းကြားစာ သို့မဟုတ် ဆက်သွယ်ဆောင်ရွက်မှုများသည် အဆိုပါ အကြောင်းကြားစာများကို အမှန်တကယ် ပေးပို့သည့် နေ့ရက်နှင့်အချိန်တွင် ၎င်းတို့အား ပေးပို့ပြီး ဖြစ်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် ဖက်စ် သို့မဟုတ် ဖက်စ်သို့မဟုတ်အီးမေးလ်ဖြင့် ပေးပို့ခြင်းဖြစ်ပါက ၎င်းတို့အား ပေးပို့ပြီး နောက်တစ်ရက် ရုံးဖွင့်ရက်တွင်ပေးပို့ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၇.၂။ စာချုပ်ချုပ်ဆိုသူများ၊ ၎င်း၏ကိုယ်စားလှယ်များအကြား အကြောင်းကြားစာများနှင့်စပ်လျဉ်းသော အသေးစိတ်အကြောင်းအရာများ၊ ဆက်သွယ်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ လိပ်စာများသည် ဤမြေငှားစာချုပ်၏ ဒုတိယဇယား(ခ)တွင် ဖော်ပြထားသည့် အတိုင်းဖြစ်စေရမည်။

Article 8. LANGUAGE

8.1 All notices required to be given by one Party to the other Party and all other communications, documentation and proceedings which are in any way relevant to this Lease Deed shall be in writing and in English language and Myanmar Language and in case of any inconsistency of the Lease Deed shall prevail.

အပိုဒ် ၈- ဘာသာစကား

၈.၁။ စာချုပ်ချုပ်ဆိုသူတစ်ဦးဦးက ဤမြေငှားစာချုပ်နှင့် မည်သည့်နည်းနှင့်မဆိုစပ်လျဉ်းသည့် အခြား စာချုပ်ချုပ်ဆိုသူတစ်ဦးဦးကို ပေးအပ်သော အကြောင်းကြားစာများနှင့် အမှုဆိုင်ရာ ဆောင်ရွက်ချက်များ အားလုံးအားကို စာဖြင့်ရေးသားရမည်ဖြစ်ကာ အင်္ဂလိပ်ဘာသာစကား သို့မဟုတ် မြန်မာဘာသာစကားက သာလျှင် အတည်ဖြစ်စေ၍ လွှမ်းမိုးနိုင်ရမည်။

Article 9. COUNTERPARTS

9.1 This Lease Deed may be executed in two conterparts, each of which, when executed and delivered, shall constitute an original of this Lease Deed.

အပိုဒ် ၉-မူပွားများ

၉.၁။ ဤမြေငှားစာချုပ်ကို မူပွားနှစ်ခုဖြင့် ချုပ်ဆိုနိုင်ပြီး အဆိုပါ စာချုပ်တစ်ခုစီသည် ၎င်းအား လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ပါက မူရင်းမြေငှားစာချုပ်ဖြစ်လာစေရမည်။

Article 10. WAIVER OF IMMUNITY

10.1 Each Party unconditionally and irrevocably:

1. agrees that the execution, delivery and performance by it of this Lease Deed constitute commercial acts done and performed for commercial purpose;

2. agrees that, should any proceedings be brought against it or its assests, property or revenues in any jurisdiction in relation to this Lease Deed or any transaction contemplated by this Lease Deed, no immunity from such proceedings shall be claimed by or on behalf of the Party with respect to its assests;

3. waives any right of immunity which it or its assests, property or revenues now has, may acquire in the future or which may be attributed to it in any jurisdiction; and

4. consents generally in respect of the enforcement of any judgement or award against it in any such proceedings to the giving of any relief or the issue of any process in any jurisdiction in connection with such proceedings (including the making, enforcement or execution against it or in respect of any assests, property or revenues whatsoever irrespectice of their use or intended use of any order or judgement that may be made or given in connection therewith)

အပိုဒ် ၁၀– တရားစွဲဆိုမှု ကင်းလွတ်ခွင့် စွန့်လွှတ်ခြင်း

၁၀.၁။ စာချုပ်ချုပ်ဆိုသူတစ်ဦးသည်

၁။ ဤမြေငှားစာချုပ်ကို လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်း နှင့် စာချုပ်အရ လုပ်ငန်းဆောင်ရွက်ခြင်းကို စီးပွားရေးအရဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူပါသည်။

၂။ ဤမြေငှားစာချုပ်နှင့်သက်ဆိုင်သော တရားစီရင်ပိုင်ခွင့်အာဏာအရ ၎င်းနှင့် ၎င်း၏ရရန်ပိုင်ခွင့်၊ ပစ္စည်းများ သို့မဟုတ်ဝင်ငွေများအပေါ်တွင်ဖြစ်စေ၊ ဤမြေငှားစာချုပ်တွင် သဘောတူထားသည့်ဆောင်ရွက်ချက်များကိုဖြစ်စေ တရားစွဲဆိုမှုပြုလုပ်နိုင်ကြောင်းနှင့် ၎င်း၏ရရန်ပိုင်ခွင့် နှင့်စပ်လျဉ်း၍စာချုပ်ချုပ်ဆိုသူ၏ကိုယ်စား အဆိုပါ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ကို တောင်းဆို ခွင့်မရှိကြောင်းသဘောတူပါသည်။

၃။ ၎င်းနှင့် ၎င်းလက်ရှိပိုင်ဆိုင်လျက်ရှိသော သို့မဟုတ် နောင်တစ်ချိန်တွင် ပိုင်ဆိုင်လာနိုင်သော သို့မဟုတ် တရားစီရင်မှုကြောင့် ရရှိလာနိုင်သော ၎င်း၏ရရန်ပိုင်ခွင့်၊ ပစ္စည်းများ သို့မဟုတ် ဝင်ငွေများဆိုင်ရာ တရားစွဲဆိုမှုမှ ကင်းလွတ်ခွင့်အား စွန့်လွှတ်ပါသည်။

